ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (26-6-2005) (၄၆၃၈)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပမှ ဘွဲ့ရ ရဟန်းတော်များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်မဏ္ဍာရုံကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ထားဝယ်ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော်အမှူးပြုသော မဟာဌာနမှူးများနှင့် ကထိကဆရာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟ ဘွဲ့ရပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြဆရာများ၊ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့နှင့် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ လက်ခံယူ ကြမည့် ပြည်တွင်း၊ ပြည်ပမှ သင်တန်းသားများ၊ သင်တန်းသားသစ်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ
၂၀၀၅ - ခုနှစ်

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆-၆-၂၀၀၅
(တနင်္ဂနွေနေ့)

မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်ရေး ဟန်ချက်ညီညီ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းတို့နှင့် ဆက်စပ်ပေါ်ပေါက်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးသည် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည့် ဒေသထွက်ပစ္စည်းမဟုတ်ဘဲ ကိုလိုနီနယ်ချဲ့တို့က တိုင်းတစ်ပါးမှ တင်သွင်းလာခဲ့သောကြောင့် ဘိန်းစိုက်ပျိုးမှုအလေ့အထ အမွေဆိုးများရောက်ရှိ အမြစ်တွယ်လာခဲ့ခြင်းဖြစ်သည်။ ကိုလိုနီဆိုးမွေအဖြစ် နှစ်ကာလရှည်ကြာစွာ အမြစ်တွယ်ရှင်သန်လာခဲ့သည့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကို နေ့ချင်းညချင်း ပပျောက်သွားစေရန် ဆောင်ရွက်ရသည်မှာ အလွန်ခက်ခဲသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံး အသိပင်ဖြစ်သည်။

မည်သို့ဆိုစေ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါးဆိုးမွေများ လုံးဝ ကင်းစင်ပပျောက်သွားစေရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူကာ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို နှစ်စဉ် စီမံချက်အတိုင်း အဆင့်အလိုက် ဖော်ဆောင်လုပ်ကိုင်လျက်ရှိရာ အောင်မြင်တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

နိုင်ငံတော်က မူးယစ်ဆေးဝါး ပပျောက်စေရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာတွင် မူးယစ်ဆေးဝါးများ ရှာဖွေဖမ်းဆီးဖျက်ဆီးခြင်း၊ ပါဝင်ပတ်သက်သူများအား တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်းစသည့် နည်းလမ်းများသာမက ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေမည့် အစီအမံများကိုလည်း ချမှတ်လုပ်ကိုင်လျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကိုပါပေါင်းစပ်အားဖြည့် ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသများရှိ ဘိန်းစိုက်ပျိုးလေ့ ရှိတတ်သည့် နယ်မြေဒေသများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစား အခြားသီးနှံများစိုက်ပျိုးရေး၊ ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန်များမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတို့တွင် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်က မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ပြည်တွင်း၌အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်း နိုင်ငံများ၊ ဒေသခွဲအတွင်းရှိနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း စာချုပ်များချုပ်ဆိုပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို လက်တွဲပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် မည်သူ၏ ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မူးယစ်ဆေးဝါး အမွေဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင် လုံးဝကင်းစင် ပပျောက်သွားစေရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် အရှိန်အဟုန်တိုးမြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် မွေးရာပါချို့ယွင်းချက်ရှိလူနာ ၇၀ အား ခွဲစိတ်ကုသပေး

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မွေးရာပါ ချို့ယွင်းချက်ရှိ လူနာ ၇၀ အား ခွဲစိတ်ကုသပြုပြင်ပေးခဲ့သည်။

ယင်းခွဲစိတ်ကုသမှုတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိမြို့နယ်အသီးသီးမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက လူနာရှာဖွေပေး၍ လူနာများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ အကူအညီဖြင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အရောက်ပို့ပေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန မန္တလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်း၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်နုနုရီနှင့်အဖွဲ့က ခွဲစိတ်ကုသပေးကာ ကျန်းမာရေးဝန်ကြီးဌာနကလိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းသို့ မွေးရာပါချို့ယွင်းချက်ရှိလူနာ ၇၀ အား ခွဲစိတ်ကုသရာတွင် ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ခွဲစိတ်ကုသမှုအတွက် ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းပြီး လူနာများအား မုန့်ပုံးနှင့် အအေးဘူး၊ မုန့်မျိုးစုံတို့ကို တစ်ဦးချင်း ပေးအပ်သည်။

ထောက်ပံ့

ထို့အပြင် ခွဲစိတ်ကုသရာတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းကုန်ကျငွေနှင့် လူနာတစ်ဦးလျှင်ငွေကျပ်၃၀၀၀နှုန်းဖြင့် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၃၅၇၀၅၀ကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ထောက်ပံ့လှူဒါန်းပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်က လူနာနှင့် လူနာစောင့်များအား နံနက်စာ၊ နေ့လယ်စာ၊ ညစာ ကျွေးမွေးကုန်ကျစရိတ် ငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်အတွင်းရှိ မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများကို ခွဲစိတ်ကုသပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာတို့ ခွဲစိတ်ပြီး ကလေးငယ်တစ်ဦးအား ထောက်ပံ့ငွေများနှင့် မုန့်များကို ပေးအပ်စဉ်။ (မိခင်/ကလေး)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း ခြံအမှတ် ၇၂ (အေ/၃)နေ ကွယ်လွန်သူ နှစ်ဖက်သော မိဘမောင်နှမများနှင့် ဇနီးဒေါ်ခင်တင့်အားရည်စူး၍ ဦးအေးမင်း(အကောက်ခွန်) (ငြိမ်း)၊ သမီး-ဒေါ်ညွှန့်ညွှန့်မင်း၊ ဒေါ်မျိုးမျိုးမင်းမိသားစုတို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်း ငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆက်သွယ်ရေးသင်တန်းများဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ အခြေခံအီလက်ထရောနစ်သင်တန်း၊ ကွန်ပျူတာအချက်အလက်စီစဉ်ရေးသင်တန်း၊ အင်တာနက်သင်တန်း၊ မြေအောက်တယ်လီဖုန်းကြိုးသင်တန်းနှင့် အင်္ဂလိပ်စကားပြောဘာသာသင်တန်းတို့၏ သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနတို့မှ ဌာနကြီးမှူးများ၊ သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းများဆင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားပြီး သင်တန်းအသီးသီး၏ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းအလိုက် ကိုယ်စားလှယ်တစ်ဦးစီအားပေးအပ်၍ သင်တန်းတွင် ပထမ၊ ဒုတိယနှင့်သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

စိုက်ပျိုးရေးပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

စိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားရေးကဏ္ဍများဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးရှင်းလင်းဟောပြောပွဲကို ဇွန် ၁၅ရက် နံနက်ပိုင်းတွင် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရွှေထီးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကားပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်၊ ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးချန်ထွန်းတို့က ကဏ္ဍအလိုက်ရှင်းလင်း ဟောပြောကြသည်။

ရှင်းလင်းဟောပြောပွဲသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ
ပထမငါးနှစ်စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

▲ **မြန်မာနိုင်ငံမှ**

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာအား ဖြေရှင်းဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၀၅ခုနှစ်ဆောင်ပုဒ်မှာ **“တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု”** Value yourself --- make healthy choices ဟူ၍ ဖြစ်ပါသည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လူတိုင်းလူတိုင်းသည် မိမိကိုယ်ကို ဂရုစိုက်၊ တန်ဖိုးထားလေးစားကြရန်နှင့် ကျန်းမာရေးအတွက် နည်းလမ်းများရွေးချယ်ရာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးကို ထည့်သွင်းစဉ်းစားကြရန် တိုက်တွန်းထားပါသည်။ အထူးသဖြင့် လူငယ်ထု တစ်ရပ်လုံးကို ရည်ညွှန်းထားပြီး လူငယ်များသည် မိမိကိုယ်မိမိ ဂရုစိုက်တန်ဖိုးထားနေထိုင်ရာတွင် ကျန်းမာရေးနှင့် ပြည့်စုံရန်အတွက် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုကင်းစင်ရန်လည်းလိုအပ်သည်ဟု ရည်ရွယ်ဆိုလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူတိုင်းလူတိုင်း မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ပြီး ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်း၊ သမီးကောင်းများပေါ်ထွန်းရေးအတွက် ရည်ရွယ်လျက် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက်အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များပေါ် အခြေခံလျက် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစတင်အကောင်အထည်ဖော်လျက်ရှိရာ ပထမငါးနှစ်စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေမှာ နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းနှင့် မြန်မာ-UNODC တို့ ပူးပေါင်း၍ တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်း အစီရင်ခံစာများအရ သက်သေခံလျက်ရှိပါသည်။

သာဓကအားဖြင့် မြန်မာ-အမေရိကန် ဘိန်းအထွက်နှုန်းတိုင်းတာချက်အရ ၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၃ ခုနှစ်ထက် ၃၄ ရာခိုင်နှုန်းကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုတွင် ၄၀ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူ မြန်မာ-UNODC တရားမဝင် ဘိန်းစိုက်ပျိုးမှု တိုင်းတာချက်များအရ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုတွင် ၂၀၀၃ ခုနှစ်ထက် ၂၉ ရာခိုင်နှုန်းကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုတွင် ၅၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာထင်ရှားစွာ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့နှင့် လုပ်သားပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့များမှ စီမံချက်များရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးအတွက် သက်ဆိုင်ရာ ကျောင်းဆရာ၊ ဆရာမများမှ ပညာပေးဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဟောပြောခြင်း၊ နှစ်စဉ် ဇွန်လ ၂၆ရက်နေ့၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် ပြိုင်ပွဲများကျင်းပရာတွင် ကျောင်းသားလူငယ်များ အဓိက ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကို များစွာ အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

အလားတူ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်/တိုင်းများတွင် မူးယစ် ဆေးစွဲသူများအားကုသပေးရန် ဆေးကုဌာနကြီး ၂၆ခုနှင့် ဆေးကုဌာနငယ် အခု၄၀အား ဖွင့်လှစ်ပေးထားပြီး ဆေးကုဌာန သီးခြားဖွင့်လှစ်နိုင်ခြင်းမရှိသည့် မြို့နယ်များတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူကုသပေးလျက်ရှိပါသည်။ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေး စခန်းခြောက်ခုကို ပြည်နယ်/တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေး စခန်းနှစ်ခုကိုဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၉၀၈၂ ဧက ဖျက်ဆီးနိုင်သဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်ထက် ၁၄၇၂ဧကကျော် ပိုမိုဖျက်ဆီးနိုင်ခဲ့သည်။ ထို့ပြင် တားဆီးနှိမ်နင်းရေးအဖွဲ့များက ဘိန်းနှင့်ဘိန်းဖြူများကို ၂၀၀၃-၂၀၀၄ ခုနှစ်များတွင် ယခင်နှစ်များထက် ပိုမိုဖမ်းဆီးနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးအဖွဲ့များ၏ စွမ်းရည်တိုးတက်လာမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံ၌ တရားစွဲဆိုနိုင်ခဲ့ခြင်းမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အောင်မြင်မှုများပင်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၅ ခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **“တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု”** Value yourself--- make healthy choices ဟူသော ဆောင်ပုဒ်နှင့်အညီ လူတိုင်းလူတိုင်း မိမိကိုယ်ကို ဂရုစိုက်တန်ဖိုးထားလေးစားပြီး ကျန်းမာရေးအတွက် နည်းလမ်းများရွေးချယ်ရာတွင် လူငယ်ထုတစ်ရပ်လုံး အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေး ထည့်သွင်းစဉ်းစားကြရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကို နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယနေ့တွင် လူသန်းပေါင်း ၂၀၀ နီးပါး တရားမဝင်မူးယစ်ဆေးဝါးအလွဲသုံးစွဲလျက်ရှိနေ
မူးယစ်ဆေးဝါးသည် လူ့ဘဝအား တိုတောင်းစွာနိဂုံးချုပ်စေရန် လက်မှတ်များသာဖြစ်
မူးယစ်ဆေးဝါးမသုံးစွဲကြသူများသည် မူးယစ်ဆေးဝါးအလွဲသုံးသူများထံမှ သင်ခန်းစာယူ

၂၀၀၅ ခုနှစ်၊ ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ပေးပို့သည့် သဝဏ်လွှာ

ယနေ့ကျရောက်သည့် နိုင်ငံတကာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာစွာအသက်ရှင်နေထိုင်ရန် ဆုံးဖြတ်ထားသူသန်းပေါင်းများစွာတို့အား ဂုဏ်ပြုသကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှုကို ရဲရင့်ပြတ်သားစွာ ရပ်ဆိုင်းခဲ့ကြသူများကိုလည်း ချီးကျူးဂုဏ်ပြုပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် မူးယစ်ဆေးဝါးသုံးစွဲကြသူများ (သို့မဟုတ်) မူးယစ်ဆေးဝါးသုံးစွဲရန် ဖြားယောင်းသွေးဆောင်ခြင်းခံရသူများအားလုံးထံ “တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု” ဟူသော အပြုသဘောကို ရှုမျှော်သည့် ဤသဝဏ်လွှာကို ပေးပို့လိုက်ပါသည်။

ယနေ့တွင် လူသန်းပေါင်း၂၀၀နီးပါး တရားမဝင် မူးယစ်ဆေးဝါးများ အလွဲသုံးစွဲလျက်ရှိနေသည်ဆိုသည့်အချက်ကိုလည်း မီးမောင်းထိုးပြလိုပါသည်။ အဆိုပါ မူးယစ်ဆေးဝါးများသည် ခရက်၊ ပေါ့တ်၊ ဂျန့်ခ်၊ ခရစ်စတယ်မက်နှင့် ဒစ်စ်ကို ဘီစကစ်တို့ကဲ့သို့ စိတ်ဝင်စားဖွယ်ခေတ်ပေါ်အမည်နာမနှင့် ဆွဲဆောင်မှုမျိုးစုံရှိနိုင်ပါသည်။ သို့သော် အဆိုပါမူးယစ်ဆေးဝါးတို့သည် လူ့ဘဝအား တိုတောင်းစွာနိဂုံးချုပ်စေရန် လက်မှတ်များသာဖြစ်ပါသည်။ မူးယစ်ဆေးစွဲခြင်းဝဲဩဃအတွင်းသို့ သက်ဆင်းကြသူများအတွက် ပြုစုကုသမှုဟူသော ထွက်ပေါက်ရှိပါသည်။ ပြုစုကုသမှုခံယူရန် ဆုံးဖြတ်သူများသည် ရဲဝံ့သောလုပ်ရပ်ဖြစ်ရုံသာမက ဘဝတစ်သက်တာကို ကယ်တင်ရာလည်း ရောက်ပါသည်။ မူးယစ်ဆေးဝါးမသုံးစွဲကြသူများသည် မူးယစ်ဆေးဝါးအလွဲသုံးသူများထံမှ သင်ခန်းစာများရယူပြီး ဆုံးဖြတ်ချက်ကို ဆက်လက်ခိုင်မာစွာရပ်တည်သင့်ပါသည်။

ကျန်းမာသည့်ဘဝလမ်းကို ရွေးချယ်ခြင်းဖြင့်လည်း စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကျန်းမာသည့် အကျိုးဖြစ်ထွန်းစေပါသည်။ ဥပမာအားဖြင့် အားကစားများတွင် ပါဝင်ဆင်နွှဲခြင်းဖြင့် ကျန်းမာရေး၊ ကိုယ်လက်ကြံ့ခိုင်ရေးကို မြှင့်တင်ပေးသည်သာမကဘဲ အဖွဲ့အစည်းနှင့် စုပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချခြင်းတို့၏တန်ဖိုးကို နားလည်သဘောပေါက်စေမှာဖြစ်ပါသည်။

ယနေ့အခါသမယ၌ ကျွန်ုပ်တို့သည် မူးယစ်ဆေးဝါးကင်းစင်သော လူ့ဘောင်အဖွဲ့အစည်းတွင် အသက်ရှင်နေထိုင်ရေး စုပေါင်းချမှတ်သည့် သန္နိဋ္ဌာန်ကိုအားဖြည့်၍ လူသားအားလုံးအား ကျန်းမာမှုသုခနှင့် ပြည့်စုံသည့်ဘဝများ လျှောက်လှမ်းကြရန် အားပေးတိုက်တွန်းနှိုးဆော်ကြပါစို့။

ရေထွက်ပစ္စည်း ပြည်ပပို့ကုန် တိုးမြှင့်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ Normal Trades စနစ်ဖြင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေပိုင်းတွင် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ၊ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Normal Trades စနစ်ဖြင့် ရေထွက်ပစ္စည်း တင်ပို့မှုတိုးတက်ရေး အစီအစဉ်များ၊ ပို့ကုန်အရည်အသွေးတိုးမြှင့်ရေးနှင့် ဈေးနှုန်းမှန်ကန်ရေး အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Normal Trades စနစ်ဖြင့် ပို့ကုန်တင်ပို့မည့် ခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် အအေးခန်းကားများဖြင့် စနစ်တကျ ဆောင်ရွက်သွားမည့်အခြေအနေများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများ၏ လုပ်ငန်းဆိုင်ရာ မေးမြန်းတင်ပြချက်များကို ဝန်ကြီးများနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။(သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းကိုင်သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ စာရင်းကောင်စီ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ပထမပိုင်း) အမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စာရင်းကိုင် အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းနှင့် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကထိကများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက သင်တန်း ကထိကများအား ကန်တော့ကြပြီး သင်တန်းကထိကတစ်ဦးက ဆုပေးအမှာစကားပြောကြားကာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဗဟိုကျန်းမာရေးပညာဌာနနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာမှ စိတ်ဝင်စားသော ပုဂ္ဂိုလ်များပါဝင်လျက် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ အမျိုးသားကျန်းမာရေးပြတိုက်၌ ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပသည်။

အလားတူစာတမ်းဖတ်ပွဲကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂နာရီတွင် အမျိုးသားကျန်းမာရေးပြတိုက်၌ပင် ကျင်းပသွားမည်ဖြစ်ကြောင်း စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်သည်။ (သတင်းစဉ်)

ကာရာဘီလာမြို့အား ကန်နှင့်အပေါင်းပါများ တိုက်ခိုက်ခဲ့မှု လူ ၁၃၀ ကျော် သေဆုံးဟု ဆေးဘက်ဆိုင်ရာက ပြောကြား

ရာမာဒီ ဇွန် ၂၄

ဆီးရီးယားနိုင်ငံမှ မှောင်ခိုသွင်းခဲ့သည့်လက်နက်များနှင့် ပြောက်ကျားများဝင်ရောက်ရာလမ်းကြောင်းဟု ယူဆရသော အီရတ်နိုင်ငံ ကာရာဘီလာမြို့အား အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက စစ်ဆင်နွှဲခဲ့ကြစဉ်အတွင်း လူ ၁၃၀ကျော် သေဆုံးခဲ့ရကြောင်းဖြင့် ဆေးဘက်ဆိုင်ရာများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များက ကာရာဘီလာမြို့တွင် တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကြောင့် လူ ၁၃၀ကျော်သေဆုံးခဲ့ပြီး ထိုသေဆုံးသူများတွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုအပါအဝင် အရပ်သား အများစုများ ဖြစ်ကြသည်ဟု ကာအင်ဆေးရုံ ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မြင့်မားလာ

ယင်းစစ်ဆင်နွှဲမှုအတွင်း လူအများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အပျက်အစီးများအောက် ပိနေသည့် အလောင်းများကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်နေသဖြင့် သေဆုံးသူဦးရေ မြင့်မားလာနိုင်သည်ဟု အဆိုပါသတင်းရပ်ကွက်ကဆိုသည်။

ပြောင်းရွှေ့

ကာရာဘီလာမြို့မှမိသားစု ၇၅၀တို့သည်အနီးအပါးရှိ ရာဝါမြို့သို့ ပြောင်းရွှေ့ ထွက်ပြေးကြရပြီး အချို့သော မိသားစုဝင် ၆၀၀ က ဘေးလွတ်ရာ ယူဘိုင်ဒီမြို့သို့ သွားရောက်ခဲ့ကြသည်။ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ၏ထိုးစစ်ကြောင့် ကာရာဘီလာမြို့တွင် အပျက်အစီး အများအပြားဖြစ်ပွားခဲ့၍ ယင်းသို့ ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်ဟုဆိုသည်။

ပြိုကျ

ယင်းမြို့ရှိ အခြေခံအဆောက်အအုံများ လုံးဝပျက်စီးသွားပြီး အိုးအိမ် ၁၀၀ ကျော်တို့လည်း ပြိုကျခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားသည်။

လွန်ခဲ့သည့် သောကြာနေ့ကလည်း အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များက ကာရာဘီလာမြို့မှ ပြောက်ကျားများကို လိုက်လံစစ်ဆင်နွှဲခဲ့သေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့များ လုံခြုံရေး ဆောင်ရွက်နေသည်ကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူဂန္ဒာနိုင်ငံ စီးပွားရေး ရေရှည်ခိုင်မြဲရန်အတွက် အခြေခံကောင်းများ ဖန်တီးရန်လိုအပ်ဟု သုံးသပ်ချက်၌ဖော်ပြ

ကမ်ပါလာ ဇွန် ၂၄

ယူဂန္ဒာနိုင်ငံသည် စီးပွားရေးရေရှည်ခိုင်မြဲရန်နှင့် ဆင်းရဲနွမ်းပါးမှုများ လျှော့ချရေးတို့အတွက် အခြေခံကောင်းများ ဖန်တီးရန် လိုအပ်လျက်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) အမှုဆောင်အဖွဲ့ သုံးသပ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ယူဂန္ဒာ အစိုးရသည် ဒုတိယဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိုင်အမ်အက်ဖ်အဖွဲ့က တိုက်တွန်းပြောကြားမှုကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဆွဲဆောင်

ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲနှင့် ပွင့်လင်းစွာ ဆောင်ရွက်မှုများ ဖန်တီးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ကူညီထောက်ပံ့သူ အလှူရှင်များထံမှလည်း ယုံကြည်မှု ရရှိလာမည်ဖြစ်သည်ဟု အိုင်အမ်အက်ဖ်အဖွဲ့၏ အမှုဆောင်အဖွဲ့က ပြောကြားခဲ့သည်။

ယူဂန္ဒာနိုင်ငံတောင်ဘက်ပိုင်းသည် လွန်ခဲ့သော ၁၉ နှစ်ကြာကာလမှ ယခုအချိန်ထိ သောင်းကျန်းမှုများနှင့် ရင်ဆိုင်နေရသည်။

မှီခိုအားထား

ယူဂန္ဒာနိုင်ငံ၏ အခွန်အာဏာပိုင်အဖွဲ့ (ယူအာအေ)သည် အခွန်များကို တိုးမြှင့်ရရှိမှု ဆောင်ရွက်ရန် လိုအပ်ကြောင်း အိုင်အမ်အက်ဖ်အဖွဲ့မှထောက်ခံထားသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်ပအကူအညီများအပေါ် မှီခိုအားထားနေရသည့်အဖြစ်မှ လျှော့ချနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ဝင်ငွေလျော့နည်း

အာဖရိကအရှေ့ဘက်နိုင်ငံများတွင် အခွန်တစ်ပြေးညီကောက်ခံရေးသဘောတူညီချက် လုပ်ဆောင်လာရန်ရှိသည့်အတွက်ကြောင့် ၎င်းနိုင်ငံ၏ အခွန်မရရှိသော ဝင်ငွေလျော့နည်းလာမည့်အဖြစ်ကို ယူဂန္ဒာနိုင်ငံ၏ ယူအာအေ အခွန်အဖွဲ့၏ အခွန်ကောက်ခံရေးဆိုင်ရာ ပြင်ဆင်ချက်များ ပြုလုပ်ခြင်းဖြင့် ထေမိအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ် အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှေးဟောင်းပစ္စည်းတစ်သိန်းခန့်ပြသရန် အီဂျစ်နိုင်ငံတွင် ပြတိုက်ကြီးတည်ဆောက်မည်

ကိုင်ရို ဇွန် ၂၄

ရှေးဟောင်းပစ္စည်း တစ်သိန်းခန့် ပြသရန်အတွက် အီဂျစ်နိုင်ငံတွင် ကြီးကျယ်ခမ်းနားသည့် ပြတိုက်တစ်ခု တည်ဆောက်မည်ဟု အီဂျစ်ယဉ်ကျေးမှုဝန်ကြီး ဖားရောက်ဟော့စနီက ပြောကြားကြောင်း အစိုးရအာဘော်မီနာ သတင်းဌာနက ကြာသပတေးနေ့က ဖော်ပြလိုက်သည်။

ငွေကြေးထည့်ဝင်

ကနဦးခွင့်ပြုငွေ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ဖြင့် အဆိုပါ အီဂျစ်ပြတိုက် ပထမဆင့်အဖြစ်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းများ အနေဖြင့် ယင်းအဆောက်အအုံ ဆောက်လုပ်ရေးအတွက် ငွေကြေးထည့်ဝင်ကြပါရန် ဟော့စနီက ကိုင်ရိုမြို့တော်တောင်ပိုင်း ပိရမစ်အဆောက်အအုံများ တည်ရှိရာနေရာတွင် သတင်းထောက်များအား ပြောကြားသည်။

ယင်းပြတိုက်တွင် ပြသထားမည့် ရှေးဟောင်းပစ္စည်းများတွင် အီဂျစ်နိုင်ငံမှ နာမည်ကျော် ဖာရိုဘုရင် တူတန်ခါမွန်၏ ရုပ်အလောင်းနှင့် အဖိုးတန်ရတနာများလည်း ပါဝင်သည်။

၂၀၀၉ခုနှစ် ပြီးမည်

အဆိုပါ အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်းကို ယခုနှစ်ကုန်တွင် စတင်နိုင်ဖွယ်ရှိပြီး ၂၀၀၉ ခုနှစ်တွင် ပြီးစီးနိုင်သည်ဟု ရှေးဟောင်းပစ္စည်းဆိုင်ရာ အီဂျစ်ကောင်စီက ပြောကြားသည်။

လျှောက်လွှာခေါ်

အီဂျစ်နှင့် ဂျပန်နိုင်ငံသားများ အနေဖြင့် ယင်းပြတိုက်စီမံကိန်းအတွက် ငွေကြေးမတည်ရန် ကိစ္စအဝဝနှင့် ပတ်သက်၍ သဘောတူညီထားကြပြီး ထိုသဘောတူညီမှုကို အတည်ပြုပြီးပါက ပြတိုက်၏အဓိကအဆောက်အအုံ ဆောက်လုပ်ရန်အတွက် နိုင်ငံတကာသို့ လျှောက်လွှာခေါ်ယူမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မျှော်လင့်

ယင်းအဆောက်အအုံ ဆောက်လုပ်ပြီးပါက အီဂျစ်နိုင်ငံသို့ ခရီးသည် သုံးသန်းကျော် နှစ်စဉ် လာရောက်နိုင်မည်ဟု အီဂျစ်တာဝန်ရှိ ပုဂ္ဂိုလ်များက မျှော်လင့်အားထားနေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ခုနစ်လကြာ ဖမ်းဆီးခံထားရာမှ ပြန်လည်လွတ်မြောက်လာသော ဖိလစ်ပိုင်လူမျိုး ရောဘတ်တာကို သူ၏မိခင်နှင့်အတူ ဇွန် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ခုနစ်လကြာ အဖမ်းခံရပြီးနောက် ဖိလစ်ပိုင်နိုင်ငံသား ဓားစာခံ ပြန်လည်လွတ်မြောက်လာ

မနီလာ ဇွန် ၂၄

အီရတ်နိုင်ငံတွင် လက်နက်ကိုင်များက ခုနစ်လနီးပါးကြာ ထိန်းသိမ်းထားခဲ့သည့် ဓားစာခံတစ်ဦးဖြစ်သူ ဖိလစ်ပိုင်နိုင်ငံသား ပြည်ပ အလုပ်သမားမှာ လွတ်မြောက်လာခဲ့ပြီ ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ အာရိုယိုက ဗုဒ္ဓဟူးနေ့က ကြေညာလိုက်သည်။

ရောက်ရှိ

၎င်းအလုပ်သမားမှာ ရောဘတ် တာရွန်ဂွိုင်ဖြစ်ပြီး နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး ရေဖယ်ဆီးဂွစ် ဦးဆောင်သည့် ဖိလစ်ပိုင် - အီရတ် ပဋိပက္ခ ဖြေရှင်းရေးအဖွဲ့၏ လက်တွင်းသို့ ယခုအခါ ရောက်ရှိနေပြီဟု အာရိုယိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပို့ဆောင်ပေး

ယင်းအဖွဲ့မှ ပုဂ္ဂိုလ်များက တာရွန်ဂွိုင်အား မနီလာမြို့တော်သို့ ပြန်လည်ပို့ဆောင်ပေးမည့် အစီအစဉ်များကို နောက်ဆုံး ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တာရွန်ဂွိုင်သည် ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးဖြစ်ပြီး ဘဂ္ဂဒက်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းတွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်နေသူ ဖြစ်သည်။ ၎င်းနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်နှစ်ဦးတို့အား အီရတ် ပြောက်ကျားများက ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ပြန်ပေးဆွဲခဲ့ကြခြင်း ဖြစ်သည်။ အခြားနှစ်ဦးတို့သည် စောစောပိုင်းကာလက ပြန်လည်လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကားဗုံးဖောက်ခွဲမှု သုံးကြိမ်ဖြစ်ပွား လူ ၁၈ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်လူမျိုးအများစုနေထိုင်သည့် ခရိုင်တွင် ဗုဒ္ဓဟူးနေ့က ကားဗုံးဖောက်ခွဲမှု သုံးကြိမ်ဖြစ်ပွားရာ လူ ၁၈ ဦးထက်မနည်း သေဆုံးသွားပြီး ၄၈ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ည ၈ နာရီခွဲခန့်က ကားဗုံး သုံးကြိမ်ဆက်တိုက် ပေါက်ကွဲခဲ့ခြင်းဖြစ်ရာ ရှိုလာဒေသ၏ အထင်ကရလမ်းမကြီးပေါ်တွင် ပျက်စီးမှုနှင့် သေဆုံးမှုအများအပြားဖြစ်ပွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

ရှီးယိုက်ဦးဆောင်သည့် အီရတ်အစိုးရအဖွဲ့ကို ဧပြီလကုန်တွင် ဖွဲ့စည်းပြီးကြောင်း ကြေညာပြီးခဲ့သည့်နောက် ပြောက်ကျားများက အရှိန်မြှင့်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်။ ထိုအခြေအနေများကြောင့် နှစ်လတာအတွင်း အီရတ်နိုင်ငံသား ၁၀၀၀ ခန့်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀ တို့ သေဆုံးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်မိုးခေါင်မှုဖြစ်ပွား ရော်ဘာအထွက်နှုန်း လျော့နည်းကျဆင်း

ဟန်ွိုင်း ဇွန် ၂၄

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ရော်ဘာတင်ပို့သောနိုင်ငံတွင် အဆင့်လေးနေရာ၌ရှိသည်။ ယခုနှစ်တွင် မိုးခေါင်မှု ကြာရှည်စွာဖြစ်ပေါ်သည့်အတွက်ကြောင့် ရော်ဘာထွက်ရှိနှုန်းလျော့နည်းလာရာ ရော်ဘာတင်ပို့မှု စာချုပ်ကန်ထရိုက် ပြည့်မီစေရေး ဖြည့်ဆည်းနိုင်ရန် ပြည်ပမှ ရော်ဘာပိုမိုဝယ်ယူတင်သွင်းရန် လိုအပ်မည်ဖြစ်သည်ဟု သတင်းများက ဆိုသည်။

ဗီယက်နမ်နိုင်ငံက ရော်ဘာတင်သွင်းသောနိုင်ငံများမှာ အဓိကအားဖြင့် ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား နှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပြီး ယခုပထမ ငါးလပတ်၌ ထိုနိုင်ငံများမှ ရော်ဘာဝယ်ယူတင်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂ဒသမ၇သန်းဖိုးရှိပြီး အလေးချိန်အားဖြင့် တန်ချိန် ၂၈၅၀၀ ရှိသည်။ ယမန်နှစ် အလားတူ ကာလကနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးအားဖြင့် ၉၀ ရာခိုင်နှုန်းနှင့် အလေးချိန်အားဖြင့် ၅၅ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်ဟု အင်္ဂါနေ့ထုတ် ဆိုင်ဂွန်တိုင်းမ် သတင်းစာက ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်မှု ဖြစ်ပွားသည့်အတွက် ပြည်တွင်း ရော်ဘာထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် ပြည်ပမှ ရော်ဘာများ တင်သွင်းမှု များပြားတိုးတက်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဗီယက်နမ် ရော်ဘာတင်ပို့သူများက ပြည်ပသို့ တင်ပို့ရန် စာချုပ် ချုပ်ဆိုထားသည့်အတွက် ထိုစာချုပ်အတိုင်း ပြည့်မီစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သတင်းတွင် ရေးသားဖော်ပြခဲ့သည်။

ပြည်တွင်း၌လည်း ရော်ဘာဝယ်လိုအား မြင့်တက်လျက်ရှိသည်။ ပြည်တွင်း ကားထုတ်လုပ်သူများကလည်း တာယာများပြုလုပ်ရန်အတွက် နှစ်စဉ် ရော်ဘာတန်ချိန် ၁၀၀၀၀၀ လိုအပ်လျက်ရှိသည်။

ယခုနှစ် ပထမငါးလပတ်တွင် ကမ္ဘာ့ဈေးကွက်တွင် ဗီယက်နမ်ရော်ဘာ တင်ပို့မှုသည် တန်ချိန် ၁၅၄၀၀၀ ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၄ သန်းဖိုးရှိကြောင်း ယမန်နှစ်ကထက် တန်ချိန်အားဖြင့် ၉ ရာခိုင်နှုန်းနှင့် ၁၃ဒသမ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ယခုအခါ ရော်ဘာစိုက်ပျိုးဧရိယာ ဟက်တာ ၅၀၀၀၀၀ ရှိသည်။ ၂၀၁၀ ပြည့်နှစ်အရောက်တွင် ရော်ဘာစိုက်ဧရိယာ ဟက်တာ ၇၀၀၀၀၀ စိုက်ပျိုးပြီး ထိုမှ ရော်ဘာစေးတန်ချိန် ၅၂၀၀၀၀ ထွက်ရှိရန်နှင့် လာမည့်နှစ်များတွင်လည်း ရော်ဘာ ပိုမိုထွက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ ဝါဆီဒါတက္ကသိုလ်မှ တီထွင်ထုတ်လုပ်ထားသည့် လူတူစက်ရုပ်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အရှေ့အာဖရိကသို့တင်သွင်းသော ဆေးဝါးများအပေါ် အခွန်စည်းကြပ်မှုမပြုရန် သဘောတူညီ

ဒါရက်ဆလမ် ဇွန် ၂၄

အရှေ့အာဖရိက နိုင်ငံများအဖွဲ့ (အီးအေစီ) အဖွဲ့ဝင်များဖြစ်ကြသော ကင်ညာ၊ ယူဂန္ဓာနှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် ဆေးဝါးများ တင်သွင်းမှုတွင် အခွန်စည်းကြပ်မှု မပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။ ထိုသဘောတူညီမှုအစီအစဉ်ကို ရှေ့လတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ သဘောတူညီမှုကို တန်ဇန်းနီးယားနိုင်ငံမြောက်ဘက် အာယုရှာမြို့၌ ကျင်းပသော အစည်းအဝေးတွင် တနင်္လာနေ့က ရရှိခဲ့ခြင်းဖြစ်သည်။ အိဒ်စ်ရောဂါကု ဆေးဝါးကဲ့သို့သော ဆေးဝါးများကို တင်သွင်းခွန်များ စည်းကြပ်မှု ပြုလုပ်မည်မဟုတ်ဟု ဆိုသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ဆင်းရဲနွမ်းပါးသူများအတွက် ပိုမိုအထောက်အပံ့ပြုရာ ရောက်ကြောင်း အီးအေစီအဖွဲ့ဝင်များက မျှော်လင့်ထားခဲ့ကြသည်။

အခွန်ကင်းလွတ်ခွင့်ရသော အခြားကုန်ပစ္စည်းများမှာ အမျိုးသမီး အသုံးအဆောင်နှင့် ဆေးဝါးများ၊ သဘာဝဓာတ်ငွေ့အရည်၊ ကျောက်မီးသွေး၊ အလူမီနီယံဝါယာကြိုးနှင့် လုံခြုံရေးခါးပတ် စသည့် ကုန်ပစ္စည်းများ ပါဝင်သည်ဟု ဒေသတွင်း သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြင်ပဒေသများမှ ကုန်များတင်သွင်းသောအခါ အခွန်ကောက်ခံရာတွင် တစ်ပြေးညီကောက်ခံရန် ကင်ညာ၊ ယူဂန္ဓာနှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် ယမန်နှစ် မတ် ၂ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ကုန်ကြမ်းပစ္စည်းများတွင် အခွန်ကောက်ခံမှု မပြုရန်၊ အချောမသပ်ရသေးသော ကုန်ပစ္စည်းများကို အခွန် ၁၀ ရာခိုင်နှုန်းနှင့် ကုန်ချောပစ္စည်းများကို အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံရန် စသည့် အခွန်ကောက်ခံမှုကို သုံးမျိုးခွဲ၍ ကောက်ခံရန်ပါ သတ်မှတ်ခဲ့ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယ-စင်ကာပူ
အပြန်အလှန် ကုန်သွယ်မှုတိုးတက်

နယူးဒေလီ ဇွန် ၂၄

အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့၏ အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် ယခုဘဏ္ဍာရေးနှစ်ကုန်ထက် နောက်မကျဘဲ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းကြောင်း၊ ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကုန်သွယ်မှုပမာဏဒေါ်လာဘီလီယံ ၅၀ အထိ ဆက်လက်မြင့်တက်လာစရာရှိကြောင်း၊ နှစ်နိုင်ငံလုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီးတွင် အိန္ဒိယစက်မှုလုပ်ငန်း အဖွဲ့အစည်းဖြစ်သော အဆိုဂျမ်းက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နှစ်နိုင်ငံအလုံးစုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို အစိုးရအဖွဲ့က တနင်္လာနေ့တွင် အတည်ပြုပေးခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု သိသိသာသာမြင့်မားတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***



တရုတ်နိုင်ငံရှိ ဒေါင်တင်ကန်ကို ဖြတ်၍ ဖောက်လုပ်ထားသော တံတားကို ဇွန် ၂၄ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာလုပ်ငန်းများ မြှင့်တင်ရေး အိန္ဒိယနှင့်တရုတ် အရေးပါသောကဏ္ဍမှ ပါဝင်

နယူးဒေလီ ဇွန် ၂၄

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ၌ ဇီဝနည်းပညာလုပ်ငန်းများ မြှင့်တင်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သုတေသနလေ့လာချက် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အရေးပါ

အာရှတိုက်ရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဦးစားပေးရည်မှန်းချက်များမှာ ဆင်းရဲမွဲတေမှုလျှော့ချရန်၊ စားနပ်ရိက္ခာ ဖူလုံရန်နှင့် အလုပ်အကိုင် ဖန်တီးပေးရန်တို့ဖြစ်ကြောင်း၊ စီးပွားရေး မြင့်မားတိုးတက်အောင် ကြိုးပမ်းရာတွင် ဇီဝနည်းပညာသည် မဟာဗျူဟာအရ အရေးပါကြောင်း ကမ္ဘာ့ဇီဝနည်းပညာဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုးတက်

အာရှ-ပစိဖိတ်ဒေသ၏ ဇီဝနည်းပညာကဏ္ဍသည် ဆက်လက်မြင့်မားတိုးတက်နေမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ဇီဝနည်းပညာကုမ္ပဏီများသည် ၂၀၀၄ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်းအထိ ဝင်ငွေတိုးတက်ရရှိခဲ့ကြောင်း အစီရင်ခံတွင် ဖော်ပြထားသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ကို ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ပေါင်းစည်းပါဝင်လာခြင်းဖြင့် အနောက်တိုင်း၏ ဇီဝနည်းပညာလုပ်ငန်း နယ်ပယ်တစ်ခုလုံး ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကျွမ်းကျင် လုပ်သားများရှိခြင်း၊ လုပ်အားခ ဈေးနှုန်းချိုသာခြင်း၊ အတွေးအခေါ် ကောင်းများရှိခြင်း၊ စီးပွားရေးလုပ်ငန်း စိတ်ဓာတ်ပြည့်ဝခြင်း စသည့် အကြောင်းတရားများကြောင့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ ဇီဝနည်းပညာ နယ်ပယ်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည် ပေကျင်းမြို့တော် ခရီးသွားလုပ်ငန်း တိုးမြှင့်ရန်ကြိုးပမ်း

ပေကျင်း ဇွန် ၂၄

တရုတ်ပြည် ပေကျင်းမြို့တော်တွင် ၂၀၀၈ ခုနှစ်အရောက်၌ အိုလံပစ်အားကစားပွဲတော် ကျင်းပရန်ရှိသည်။ ထိုအိုလံပစ်အားကစားပွဲတော် နီးကပ်လာပြီဖြစ်ရာ ပေကျင်း ခရီးသွားဌာနမှ အာဏာပိုင်များက မြို့တော်၏ ခရီးသွားလာရေးလုပ်ငန်း ကျင်းပချိန်တိုးမြှင့်ရေးအတွက် အရှိန်မြှင့် ဆောင်ရွက်နေကြကြောင်းဖြင့် တရုတ်နေ့စဉ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

ဖန်တီးပေး

အိုလံပစ်အားကစားပွဲများ လက်ခံကျင်းပခြင်းဖြင့် ပေကျင်းမြို့တော်၏ ခရီးသွားလုပ်ငန်းအတွက် ကြီးမားသည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်ဟု ပေကျင်းမြူနီစီပါယ် ခရီးသွားအဖွဲ့ ညွှန်ကြားရေးမှူး ယူချန်ဂျီယန်အား ကိုးကား၍ ဖော်ပြပါသတင်းစာက ရေးသားသည်။

အိုလံပစ်အားကစားပွဲတော် နီးကပ်လာပြီဖြစ်ရာ အိုလံပစ်ပွဲတော် ကျင်းပခြင်း၏ မိမိတို့ရည်ရွယ်ချက်ကို ကမ္ဘာတစ်ဝန်းရှိ ခရီးသွားများ အလေးပေးဂရုစိုက်သည့် နေရာဖြစ်လာမည်ဟု ၎င်းက ပြောကြားသည်။

ပေကျင်းမြို့တော်သို့ ပြည်ပမှခရီးသည် ၄ ဒသမ ၃ သန်း ရောက်လာကြမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ရရှိမည်ဖြစ်ရာ ခရီးသည်သန်း ၁၅၀ လာရောက်ကာ ယွမ် ၁၂၂ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံ) ရရှိမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နာဂါဆာကီတွင် အဏုမြူဗုံးဖောက်ခွဲစဉ်က ထုတ်ဝေခွင့်မပြုခဲ့သည့် သတင်းတစ်ပုဒ်တွေ့ရှိ

နာဂါဆာကီ ဇွန် ၂၄

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် ၁၉၄၅ ခုနှစ်က အဏုမြူဗုံးကြဲချခြင်း ခံခဲ့ရသည်။ ထိုအဖြစ်အပျက်ဖြစ်ပွားစဉ်က ရေးသားထားသော နောက်ဆက်တွဲ အကြောင်းအရာသတင်းတစ်ပုဒ်ကို မကြာသေးမီက တွေ့ရှိခဲ့သည်။ ထိုအကြောင်းအရာကို သတင်းထောက်တစ်ဦးက စာလုံးရေ ၂၅၀၀ ဖြင့် ရေးသားဖော်ပြထားသည်။

နာဂါဆာကီတွင် ပြည်သူများ ဓာတ်ရောင်ခြည်သင့်သောဒဏ်ကို ခံခဲ့ရခြင်းကို သတင်းထောက် ဂျော့ဝယ်လ်လာဆိုသူက ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုရေးသားချက်ကို ရောမမြို့ရှိ ၎င်း၏အိမ်ခန်းတွင် ယမန်နှစ်နွေရာသီတွင် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ၎င်း၏သားဖြစ်သူ အန်ဘိုနီဝယ်လ်လာက ပြောကြားသည်။

၎င်း၏ဖခင် ဂျော့ဝယ်လ်လာသည် နာဂါဆာကီမြို့သို့ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ရောက်ရှိခဲ့ကြောင်း၊ ထိုအချိန်က အဏုမြူဗုံးကြောင့် ပြည်ပသတင်းထောက်များ နာဂါဆာကီသို့ ဝင်ရောက်ခြင်းကို ပိတ်ပင်ထားကြောင်း၊ သို့သော် ၎င်းသည် ထိုမြို့တွင် နှစ်ပတ်ကြာမျှ နေထိုင်ခွင့်ရခဲ့ကြောင်းသိရသည်။

သိသာစွာခံစားခဲ့ရ

အဏုမြူရောင်ခြည် ဓာတ်သင့်ခံရသောလူများတွင် အမျိုးအမည်မသိရောဂါကိုခံစားရ၍ ယင်းရောဂါကို ရောဂါအိပ်စ်ဟု ဆရာဝန်များက ထိုစဉ်က အမည်သတ်မှတ်ခဲ့ကြသည်။ ပညာရှင်များက ထိုရောင်ခြည် အဆိပ်သင့်သည့် ဒဏ်ကို လူများ သိသာစွာခံစားခဲ့ရကြောင်း ရေးသားဖော်ပြထားခဲ့သည်ဟု သတင်းစာက သောကြာနေ့တွင် ရေးသားထားသည်။ ဝယ်လ်လာသည် ၎င်း၏ ရေးသားချက်များကို ထိုအချိန်က ဂျပန်တွင်ရှိသော အမေရိကန်စစ်ဌာနချုပ်ကို ပေးပို့ခဲ့သော်လည်း ထိုရေးသားချက်များကို ထုတ်ဝေခွင့်ပေးခဲ့ခြင်းမရှိဟု ၎င်း၏သားက ပြောကြားခဲ့သည်။ ***အင်တာနက်။***

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ဝံသာနုတရားလက်ကိုင်ထား ခိုင်မာအင်အား မြန်မာအမျိုးသမီးများ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

"မျိုးဆက်သစ်ခေတ်၊ တိုးတက်ခေတ်တွင်
ခေတ်ကို ရင်ပေါင်၊ တန်းအောင်လိုက်ပြီး
ခေတ်စည်း၊ မြန်မာ့စည်း၊ စည်းမကျော်ဘဲ
ယဉ်ကျေးမှုစည်း၊ မျိုးဆက်စည်းကို
အမျိုးသမီးဂုဏ်နှင့်၊ စောင့်ထိန်း လုံကာ
ဤကမ္ဘာမြေမှာ၊ မြန်မာအမျိုးသမီး
ဂုဏ်ထည်ကြီး၍၊ ပြည်ကြီးမြန်မာ
မျိုးမြန်မာတို့
ဝင့်ကြွားသိက္ခာ၊ မြှင့်ပါစို့။"
မေမြန်မာ

မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော်အင်အားရှိသည့် အမျိုးသမီးထုကြီး တစ်ရပ်လုံးကို ကိုယ်စားပြုဖော်ညွှန်းထားသော **"မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ၃ရက်နေ့)"**ဆိုသည့် နေ့ထူးနေ့မြတ်ကြီးယခုကဲ့သို့ တင့်တင့်တယ်တယ် ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများ၏ လေးစားဂုဏ်ယူမြတ်နိုးဖွယ် ဂုဏ်ဒြပ်များ၊ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များ၊ မိမိနိုင်ငံနှင့် မိမိအမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်လျက်ရှိသည့် အစဉ်အလာကောင်းများစသည့် ကောင်းမြတ်သော ဂုဏ်ရည်များပိုမိုပေါ်လွင်ထင်ရှားမြင့်မားအောင် ဂုဏ်ပြုမြှင့်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သော နေရာမှ ထူးထူးချွန်ချွန် စွန့်စွန့်စားစား ပါဝင်ဆောင်ရွက်ခဲ့သည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို နိုင်ငံတော်က အထူးအသိအမှတ်ပြုထားသည်။ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာပြီး နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများ၌ ထိုက်တန်သောနေရာမှ ပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်စေရေးအတွက် အလေးအနက်ထား စီမံဆောင်ရွက် အားပေးမြှင့်တင်လျက်ရှိသော နိုင်ငံတော်၏စေတနာမှာ ပေါ်လွင်ထင်ရှားလျက်ရှိနေပေသည်။

အမျိုးကိုချစ်မြတ်နိုးသော၊ အမျိုးဂုဏ်၊ဇာတိဂုဏ်ကို စောင့်ထိန်းလျက်ရှိသော မြန်မာအမျိုးသမီးများအတွက် ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေမည့် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ရှိထားပြီးဖြစ်ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရက အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ ထပ်လောင်းအားဖြည့်ပေးထား၍ လည်းကောင်း မြန်မာအမျိုးသမီးဖြစ်ရခြင်းသည် အလွန်ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။

မြန်မာအမျိုးသမီးများသည် ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍစုံတွင် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးရရှိခဲ့ကြသည့်အပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်အလေးဂရုပြု လေးစားမှု၊ အပြန်အလှန် နေရာပေးအလေးထားမှု စသည့်အခြေခံကောင်းများလည်း အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မိခင်နှင့် ဖခင်၊ သမီးနှင့်သားတို့ ရာသက်တိုင် ရိုးမြေကျပါဝင်သော မိသားစုကိုအခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသဖြင့် မိသားစုအတွင်းတွင် မိခင်ဖြစ်သူသည် ဖခင်နှင့်တန်းတူ စီမံခန့်ခွဲနိုင်မှု အခွင့်အရေးရှိထားပေသည်။

အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အလမ်းရရှိနေသော မြန်မာ့ လူ့ဘောင်တွင် မြန်မာအမျိုးသမီးများသည် အခြားသောနိုင်ငံများရှိ အမျိုးသမီးများကဲ့သို့ အခွင့်အရေးများ အထူးအထွေ တောင်းဆိုနေစရာ မလိုအပ်တော့ဘဲ အမျိုးသမီးအခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေရပြီး ဖြစ်ခြင်းကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူမဆုံးဖွယ်လည်း ဖြစ်နေပါသည်။

ယင်းကဲ့သို့ မြန်မာအမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ၊ ကြိုးပမ်းချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပီပီပြင်ပြင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်စေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးနေသကဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးထုကြီးက အားကြိုးမာန်တက် ကြိုးပမ်းနေချိန်တွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကိုလည်း ရင်ဆိုင်ကျော်လွှားနေရကြောင်း တွေ့ရှိနေရပေသည်။

ယင်းအဖျက်အမှောင့်လုပ်ရပ်များအနက် အဆိုးရွားဆုံးလုပ်ရပ်မှာ ၅၄ သန်းကျော်သော ပြည်သူတစ်ရပ်လုံး၏ မျက်နှာကိုမထောက်ဘဲ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို အကြောင်းပြုပြီး အနောက်နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် ကုန်သွယ်ရေး တားမြစ်ပိတ်ဆို့နေခြင်းပင်ဖြစ်သည်။ ယင်းသို့ မဆင်မခြင် မထောက်မထားပြုလုပ်ခဲ့သဖြင့် ရန်ကုန်တိုင်း၌ အထည်ချုပ်စက်ရုံ ၁၆၀ နီးပါး ပိတ်ပစ်ခဲ့ရပြီး အခြားစက်ရုံ ၄၀ ခန့်မှ အလုပ်သမားအင်အားကိုလည်း လျှော့ချခဲ့ရကြောင်း သိရပေသည်။

နောက်ဆက်တွဲဆိုးကျိုးအဖြစ် အလုပ်သမားပေါင်းရှစ်သောင်းကျော် အလုပ်အကိုင်မဲ့ဖြစ်ခဲ့ရပြီး အမျိုးသမီး အလုပ်သမခုနစ်သောင်းကျော် ပါဝင်ခဲ့သဖြင့် ၎င်းတို့အပေါ် မှီခိုနေရသည့် မိသားစုလေးသိန်းကျော်၏ လူမှုစီးပွားရေးဘဝကို ထိခိုက်နစ်နာစေခဲ့သည်။ ထို့အပြင် အဆိုပါ အလုပ်သမားများနှင့် ဆက်စပ်ဖြစ်ထွန်းနေသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ တည်းခိုဆောင်လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကိုပါ ထိခိုက်နစ်နာစေခဲ့သည်။ လုပ်ငန်းခွင်ဝင်ရင်း တစ်ဖက်မှ ပညာသင်နေကြရသည့် အမျိုးသမီးငယ်များမှာ အလုပ်လက်မဲ့ဘဝဖြင့် ပညာဆည်းပူးမှုပါ ပျက်ပြားခဲ့ကြရသည်။ ယင်းအခြေအနေကို အခွင့်ကောင်းယူလာသည့် မသမာသူများ၏ လှည့်စားအယုံသွင်းမှုကြောင့် အမျိုးသမီးငယ်အချို့မှာ လူကုန်ကူးမှု သားကောင်ဘဝအထိ ကျရောက်ခဲ့ရပါသည်။

ထိုအချိန်တွင် အမေရိကန်နိုင်ငံက ၎င်းတို့၏ လူကုန်ကူးမှု တားဆီးရေးဥပဒေ (The United States Trafficking Victims Protection Act, 2000) အရ မြန်မာနိုင်ငံအား အနိမ့်ဆုံးအဆင့်အဖြစ် တစ်ဖက်သတ် စွပ်စွဲသတ်မှတ်ပြီး ဖိအားပေးနေပြန်သည်။

ဖြစ်စဉ်အမှန်မှာ နိုင်ငံတော်က မြဝတီနေရပ်ပြန်ပို့ရေးစခန်းကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး United Nations Inter-Agency Project-UNIAP၊ Save the Children (UK)၊ World Vision တို့နှင့် ပူးပေါင်းကာ လူကုန်ကူးမှုခံရ သည့် ဒုက္ခသည်များကို လိုအပ်သော အကူအညီများ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိနေခြင်းပင်ဖြစ်သည်။

> မြန်မာအမျိုးသမီးများသည် ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတွင် အမျိုးသားများနှင့်တန်းတူရည်တူ အခွင့်အရေးရရှိခဲ့ကြသည့်အပြင် မြန်မာ့ လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများ အကြား အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်အလေးဂရုပြု လေးစားမှု၊ အပြန်အလှန် နေရာပေး အလေးထားမှုစသည့် အခြေခံကောင်းများလည်း အခိုင်အမာ ဖြစ်ထွန်းလျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ၌ ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီသည် လုပ်ငန်းတာဝန်များကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အမှုပေါင်း ၄၇၄ မှုကို စစ်ဆေးခဲ့သည်။ ၎င်းအမှုများမှ ၅၁၉ ဦး ကို ဥပဒေနှင့်အညီ အရေးယူခဲ့ပြီး ၂၆၂၉ ဦးကို ကယ်တင်နိုင်ခဲ့သည်။ လူကုန်ကူးခြင်းနှင့် ပတ်သက်သည့် အန္တရာယ်ကို တားဆီးတိုက်ဖျက်ရာတွင် ၇၂၂၀၆၀ ဦးအား ပညာပေးနိုင်ခဲ့ပြီး ၁၇၂၈၀ ကို နေရပ်သို့ ပြန်ပို့ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူကုန်ကူးခြင်းသည် ဆိုးရွားသော ပြစ်မှုဖြစ်သည်ဟု ခံယူထားသည်နှင့်အညီ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်လည်းကောင်း၊ နှစ်နိုင်ငံချင်းအားဖြင့် လည်းကောင်း ပူးပေါင်းကာကွယ်တိုက်ဖျက်လျက်ရှိသည့်အပြင် အမျိုးသားရေး လုပ်ငန်းစဉ်အဖြစ် ဥပဒေကြောင်းအရလည်း ဘက်စုံမှ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်ရာတွင် တရားစွဲဆိုခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တားဆီးတိုက်ဖျက်ရေးတို့လည်း ပါဝင်သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးကော်မတီ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့နှင့် လူကုန်ကူးမှုတားဆီးရေး ဥပဒေရေးဆွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားရှိပြီး နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (Mutual Assistance in Criminal Matters Law) ကိုလည်း ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့သည်။ လူကုန်ကူးမှုသည် ငွေကြေးခဝါချမှုနှင့် ဆက်စပ်လျက်ရှိသဖြင့် ငွေကြေးခဝါချမှု ထိန်းချုပ်ရေးဥပဒေနှင့် နည်းဥပဒေများကို ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များတွင် ပြဋ္ဌာန်းပေးခဲ့သည်။ ဗဟိုထိန်းချုပ်ကြီးကြပ်ရေးအဖွဲ့နှင့် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့တို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

ဝံသာနုတရား လက်ကိုင်ထား
ခိုင်မာအင်အား မြန်မာအမျိုးသမီးများ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်

ရန်ကုန်   ဇွန်   ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမဉပစာ၌ ကျင်းပသည်။

အဆိုပါ မြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် မြို့တော်ခန်းမဉပစာ၌ စိုက်ထူထားသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်ညွန့်မြိုင်နှင့် ဒေါ်အေးအေးသွင်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူတို့က ရွှေကြိုးဖြတ်ကာ မိုးပျံပူဖောင်းများ လွှတ်တင်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ခုနှစ် ဇူလိုင်လ ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာဖွင့်ပွဲကို ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမဉပစာ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

အမျိုးသမီးဘဝမြှင့်မြိုးပို့ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

မြန်မာအမျိုးသမီးများနေ့ သိကောင်းစရာများ ဟောပြောပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အကြောင်း ဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို တွံတေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၈နာရီတွင် ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်က အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊အမျိုးသမီးများအား ကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်စိန်ဌေးက မြန်မာအမျိုးသမီးများနေ့အကြောင်းသိကောင်းစရာများကိုဟောပြောသည်။

ထို့နောက် ကံဘဲ့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သန်းမြဦးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်ရီထံအသင်းဝင်အဆိုပြုလွှာ ၁၁၁၄စောင်ကို ပေးအပ်သည်။

အလားတူဟောပြောပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက် ၉နာရီတွင် ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ကျင်နုက မြန်မာအမျိုးသမီးများနေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယ ခရိုင်ဥပဒေအရာရှိ ဒေါ်အေမိစံဒွန်းက အမျိုးသမီးများဆိုင်ရာ ဥပဒေအကြောင်းသိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ (သတင်းစဉ်)

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွင်လည်း အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေး သဘောတူစာချွန်လွှာကို ဩစတြေးလျနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီမှုအရ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှု ကိစ္စများကို စုံစမ်းစစ်ဆေးရန် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့တစ်ရပ်ကို ၂၀၀၄ခုနှစ် မတ်လတွင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော် မှုခင်းတားဆီးကာကွယ်ရေး ကွန်ဗင်းရှင်း (Convention Against Transnational Organized Crime-CTOC)၊ လူကုန်ကူးမှု တားဆီး၊ နှိမ်နင်း၊ အပြစ်ပေးရေး သဘောတူညီချက် (Protocols to Prevent, Suppress and Punish Trafficking in Persons-TIP)၊ လူကုန်ကူးခြင်း (Smuggling of Migrants) စာချုပ်များတွင်လည်း မြန်မာနိုင်ငံသည် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်ဒေသ လူကုန်ကူးမှုတားဆီးပိတ်ပင်ရေး ဝန်ကြီးအဆင့်ညှိနှိုင်းအစည်းအဝေးကို ၂၀၀၄ခုနှစ် အောက်တိုဘာလ ၂၇ရက်မှ ၂၉ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးရလဒ်အဖြစ် ပေါ်ထွက်လာသော လူကုန်ကူးမှု တားဆီးပိတ်ပင်ရေး သဘောတူစာချွန်လွှာ (Meeting for the Coordinated Mekong Ministerial Initiative Against Trafficking) ကို မဟာမဲခေါင်ဒေသ ခြောက်နိုင်ငံစလုံး လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရန် အရေးပါသော ခြေလှမ်းတစ်ခုပင် ဖြစ်သည်။

United Nations Inter-Agency Project(UNIAP)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသမီးနှင့် ကလေးသူငယ် လူကုန်ကူးမှု တိုက်ဖျက်ရေး ခြေမြန်တပ်ဖွဲ့ကို ဖွဲ့စည်းလျက် ကွင်းဆင်းစုံစမ်းခြင်း၊ လေ့ကျင့်ပေးခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။

အလုပ်အကိုင် ရှာဖွေချထားရေးနှင့်စပ်လျဉ်းသည့် မြန်မာ-ထိုင်း သဘောတူညီချက် စာချွန်လွှာ (Memorandum of Understanding between the Governments of Myanmar and Thailand and on Cooperation in the Employment of Workers) သည်လည်း ၂၀၀၃ခုနှစ် ဇွန်လမှစ၍ သက်ဝင် တည်ရှိနေပြီဖြစ်သည်။ အဆိုပါ သဘောတူညီချက် စာချွန်လွှာသည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ နိုင်ငံတော်က ပြန်လည်လက်ခံလျက်ရှိသည်။ ပြန်လည်လက်ခံရေးစခန်းကို ထိုင်းနိုင်ငံ နယ်စပ်အနီး မြဝတီမြို့တွင် ဖွင့်လှစ် ထားရှိကြောင်း အားလုံးအသိပင်ဖြစ်သည်။

ထို့အတူ နိုင်ငံနှင့်လူမျိုးအကျိုး ပိုမိုတိုးမြှင့် သယ်ပိုးဆောင်ရွက်နိုင်စေရန်နှင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုမြင့်မားတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို အောက်ပါရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းတို့မှာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆိုသည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်နယ်/တိုင်းအဆင့်မှသည် ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များကို ဖွဲ့စည်းပြီး အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ အမျိုးသမီးများအား လူနေမှုဘဝမြှင့်တင်ရေး၊ တိုင်းရင်းသားရေးရာ၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည့် လုပ်ငန်းအဖွဲ့များကိုလည်းကောင်း၊ စည်းရုံးရေး၊ စီမံရေးရာ၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးရာ၊ ပြန်ကြားရေးရာ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးရာဟူသည့် ဌာနကြီးများကိုလည်းကောင်း ဖွဲ့စည်းပြီး မြန်မာအမျိုးသမီးထုကြီး၏ရေးရာများကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစု ပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အောက်တွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲများကို ထပ်မံဖွဲ့စည်းကာ ဗဟိုမှသည်အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်နှံ့နှံ့စပ်စပ် ကွင်းဆင်းထိတွေ့ပြီး လုပ်ငန်းများဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို အထူးအလေးပေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆက်သွယ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင် လူကုန်ကူးမှုလုပ်ငန်းများ လျော့နည်းပပျောက်ရေးအတွက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်လျက်ရှိနေပေသည်။

ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးနှင့် ကုန်သွယ်ရေး တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုကြောင့် မြန်မာအမျိုးသမီးငယ်/ရွယ်အချို့အပါအဝင် ကလေးသူငယ်များ၏ လူမှုစီးပွားရေးဘဝ အထွေထွေ ထိခိုက်နစ်နာစေသည်ဟူသော ဆိုးကျိုးများဖြစ်ပေါ်နေမှုကို ဥပေက္ခာပြုလျစ်လျူရှုပြီး အားနည်းချက်များ ရှိရကောင်းလားဟူသောသဘောဖြင့် လက်ညှိုးထိုး ယိုးစွပ်နေခြင်းသည် မြန်မာနိုင်ငံအပေါ် တစ်ဖက်စောင်းနင်း ဖိအားပေးနေခြင်းမှတစ်ပါး အခြားမရှိဟု ဆိုရမည်သာဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့၏ အမျိုးအနွယ်စောင့်ထိန်းမှု အစဉ်အလာကောင်းကို သမိုင်းစဉ်တစ်လျှောက်လုံး ဆက်ခံလာသော မြန်မာအမျိုးသမီးများ၊ နယ်ချဲ့၏ ကျွန်ဇာတ်သွင်းမှုနှင့် အနောက်တိုင်း ယဉ်ကျေးမှုသွတ်သွင်းခြင်းကို ကြံ့ကြံ့ခံ တွန်းလှန်လာခဲ့ကြသော မြန်မာအမျိုးသမီးများသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကို အစဉ်သတိပြုလျက် ၎င်းတို့၏ ပရိယာယ်ထောင်ချောက်အတွင်း မသက်ဆင်းမိစေရန် ဝံသာနုရက္ခိတတရား လက်ကိုင်ထားပြီး ခိုင်မာစုစည်းညီညွတ်သောအင်အားဖြင့် တားဆီးတွန်းလှန်သွားကြရမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသက မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော်တစ်ပါးအား ဘွဲ့လက်မှတ် ပေးအပ်ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ၊ ဘဒ္ဒန္တ ဒေါက်တာအာဒိစ္စဝံသနှင့် မယ်တော် ဒေါ်အေးမြတို့က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)စာမေးပွဲ၌ ပထမရရှိသူအတွက် လှူဒါန်းသော ရွှေတံဆိပ်ကို ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)စာမေးပွဲ၌ ပထမရရှိသော အရှင်ဇောတိကအား လွှဲပြောင်းပေးအပ်ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသက ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ သီလရှင် တစ်ပါးအား ဘွဲ့လက်မှတ် ပေးအပ်ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသက ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့လက်မှတ် ပေးအပ်ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ၊ လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်နှင့်မင်္ဂလာဒုံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ကျောက်ရေတွင်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားအပေါ် လမ်းတစ်လျှောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) ရပ်ကွက်ရှိ ကျိုက္ကဆံချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ချောင်းပတ်ဝန်းကျင် မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဉယျာဉ် Central Forest Zone အတွင်းပတ်လမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းဘေး တပ်မတော်ခန်းမရှေ့ရှိ လမ်းဘေးလူသွားစင်္ကြံတစ်လျှောက် ရောင်စုံ Interlock များ ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂) ရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပျိုးဥယျာဉ်အတွင်း ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ စတုတ္ထအကြိမ်မြောက် သစ်ပင်စိုက်ပွဲသို့ ရောက်ရှိလာပြီး သစ်ပင်စိုက်ပွဲတော်အထိမ်းအမှတ်အဖြစ် ထန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ထန်းပင်နှင့် ကွမ်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စတုတ္ထအကြိမ်မြောက် သစ်ပင်စိုက်ပွဲတော်တွင် ထန်းပင် ၁၃၈ပင်နှင့် ကွမ်းပင် ၆၄၀ စိုက်ပျိုးခဲ့သည်။ (သတင်းစဉ်)

(CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် ပြောင်းလဲမှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၂)

☆ **ရှေ့ဖုံးမှ**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ ထံ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့နှင့် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ လက်ခံယူကြမည့် သင်တန်းသားများက သစ္စာအဓိဋ္ဌာန်ပြုကြသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသ က မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့နှင့် ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်း၊ ပြည်ပ ရဟန်းတော်များအား ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်တံဆိပ်ပါ ကျွန်းသားယပ်များကိုလည်းကောင်း၊ ဘွဲ့ရ ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်များနှင့် သီလရှင်များအား ဘွဲ့လက်မှတ်နှင့် တက္ကသိုလ်တံဆိပ်ပါ ဘွဲ့စလွယ်တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်တော်မူသည်။

ထို့နောက် ဘဒ္ဒန္တ ဒေါက်တာအာဒိစ္စဝံသနှင့် မယ်တော် ဒေါ်အေးမြတို့က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)စာမေးပွဲ၌ ပထမရရှိသူအတွက် လှူဒါန်းသော ရွှေတံဆိပ်ကို မယ်တော် ဒေါ်အေးမြက ဒုတိယပါမောက္ခချုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဆရာတော်က ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)စာမေးပွဲ၌ ပထမရရှိသော အရှင်ဇောတိကအား ရွှေတံဆိပ်ကို ပြန်လည်လွှဲပြောင်းပေးအပ်ချီးမြှင့်တော်မူသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသက ဘွဲ့မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘွဲ့များအပ်နှင်း

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်တွင်းမှ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော်နှစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦး၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော် ၁၂ပါး၊ သီလရှင်သုံးပါးနှင့် လူပုဂ္ဂိုလ် ၁၀ဦး၊ ပြည်ပမှ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ရဟန်းတော် ၁၈ပါး၊ သီလရှင်တစ်ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား ဘွဲ့များအပ်နှင်းသည်။

ဘွဲ့နှင်းသဘင် အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်တွင်း၊ ပြည်ပမှ ဘွဲ့ရ ရဟန်းတော်များနှင့် သင်တန်းသားသစ် ရဟန်းတော်များအား ဖူးမြော်ကြည်ညိုသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာကုမာရာဘိဝံသက ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

သာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၌ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထီး၊ ဖိနပ်၊ ဆေး၊ ပစ္စည်းလေးပါးစသည်တို့ကို လှူဒါန်းလိုပါက ရိပ်သာဖုန်း– ၆၄၁၃၂၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သဘာဝဓာတ်ငွေ့ သုံးယာဉ် ပြောင်းလဲစရိတ်များ မော်တော်ယာဉ်ကို အာမခံထားသည့်စနစ်ဖြင့် ထုတ်ချေးမည် ဇွန် ၂၇ ရက်မှစ၍ ဘဏ်ချေးငွေများ ထုတ်ပေးမည်

ရန်ကုန် ဇွန် ၂၅

(CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်လီမိတက် (အများပိုင်)တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သန်မြန်သူ၊ ရွှေအင်းဝ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကန္တာရဝတီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်စသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့မှ ကော်မတီဝင်များနှင့် ယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူလူထု သက်သာချောင်ချိမှု ရရှိရေးအတွက် စက်သုံးဆီသုံး မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲစေလျက်ရှိကြောင်း၊ ယင်းသို့ပြောင်းလဲခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအချို့တွင်ပါ ဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲရာ၌ ပြောင်းလဲသည့် စရိတ်စကကြောင့် အချို့ယာဉ်ပိုင်ရှင်များအနေဖြင့် ငွေရေးကြေးရေး အခက်အခဲ ကြုံတွေ့လျက်ရှိသည်ဟု သိရှိရကြောင်း၊ ဤအခက်အခဲကို ဖြေရှင်းနိုင်ရန် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်လီမိတက် (အများပိုင်)တို့က သဘာဝဓာတ်ငွေ့သုံးယာဉ် ပြောင်းလဲစရိတ်များကို မော်တော်ယာဉ် အာမခံထားသည့် စနစ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

ယင်းသို့ထုတ်ချေးရာတွင် လေလွင့်မှုများမဖြစ်စေရန် စည်းကမ်းစည်းမျဉ်းများသတ်မှတ်၍ ယာဉ်ပိုင်ရှင်များ အဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲရေးလုပ်ငန်း အရှိန်အဟုန်မြင့်လာပြီး သတ်မှတ်ကာလအတွင်း အောင်မြင်ပြီးမြောက်သွားမည် ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ယနေ့အချိန်အခါတွင် အမှန်တကယ် လက်တွေ့ကျကျ လိုအပ်သည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲသည့်လုပ်ငန်းကို အရှိန်အဟုန်မြင့်မားစွာ ပြောင်းလဲနိုင်ရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်ပြောင်းလဲသည့် ကုန်ကျစရိတ်များကို မော်တော်ယာဉ်ပိုင်ရှင်များသို့ ထုတ်ချေးမည့် အစီအစဉ်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ကော်မတီများရှိ မော်တော်ယာဉ်စီးရေ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲပြီးစီးမှု၊ ပြောင်းလဲရန်ကျန်ရှိသည့် စီးရေနှင့် ဘဏ်မှ ချေးငွေရယူလိုသည့် ယာဉ်စီးရေများ အခြေအနေကို တင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထုတ်ပေးသွားမည်

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်ပြောင်းလဲသည့် ယာဉ်ပိုင်ရှင်များအား ၂၀၀၅ ခုနှစ် ဇွန် ၂၇ရက် (တနင်္လာနေ့)မှစ၍ ဘဏ်ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၆–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော ဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
၈း၂၅ ၉။ ပုလင်းရေလှောင်တမံ
၈း၃၀ ၁၀။ International News.
၈း၄၅ ၁၁။ Let's Go.
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား (အပိုင်း–၁၅)**
၁၂း၃၀ ၅။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘိလိယက်နှင့်စနူကာ)
၁၂း၄၅ ၆။ **"အတွေးခါးခါး ဘဝချိုချို" (ကျော်သူ၊ ဇွဲနိုင်ဝင်း၊သူသူဟံသာ) (ဒါရိုက်တာ–သက်တင်)**
၂း၁၀ ၇။ တေးဂီတအစီအစဉ်
၂း၂၀ ၈။ အကပြိုင်ပွဲ
၂း၃၀ ၉။ ရန်ကုန်တိုင်း မဟူရာ ရေလှောင်တမံ
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၇။ တေးဂီတအစီအစဉ်
၅း၄၅ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၅း၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀ ၁၀။ ညနေခင်းသတင်း
၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း–၃၄)**
၇း၃၅ ၁၃။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
၇း၄၅ ၁၄။ မူးယစ်ဆေးဝါးအထိမ်းအမှတ်ပြတိုက်
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၅၃)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ယနေ့ကျောင်းသားကျောင်းသူများကိုစိန်ခေါ်နေသည့် ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ မူးယစ်ဆေးဝါးနှင့် HIV/AIDS ရောဂါအန္တရာယ်များကင်းဝေးရေး ဆယ်ကျော်သက်ကျန်းမာရေးအသိပညာပေး ကျောင်းကျန်းမာရေးလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းရန် တက်ကြွစွာ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူး၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်း စံပြထူးချွန်ဆုရကျောင်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး သုံးနှစ်ဆက်တိုက် တိုင်းအဆင့် ပထမဆုရရှိခဲ့ကြသော ကျောင်းသုံးကျောင်းကို စံပြထူးချွန်ဆုများ ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး၏ ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ပညာရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ကျန်းမာရေး ကော်မတီဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် ပညာရေးမှူးများနှင့် ကျန်းမာရေးဦးစီးဌာနမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားရေး"**ဟူသော လူမှုရေး ဦးတည်ချက်ဖြင့် ကျန်းမာရေး မူဝါဒချမှတ်ပြီး ကျောင်းသားလူငယ်များ အပါအဝင် တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာစေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး ကော်မတီအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ကာ ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာ အန္တရာယ်ကင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ နှစ်သိမ့် ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းကျောင်းမှပြည်သူအတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်းနှင့် အားကစားနှင့် ကာယဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မြို့နယ်အားလုံးဆောင်ရွက်ပြီး

၁၉၉၆ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက Global School Health

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း စံပြထူးချွန်ဆုရ ကျောင်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

Initiative အစီအစဉ်ဖြင့်ကမ္ဘာတစ်ဝန်းလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် နှိုးဆော်တိုက်တွန်းခဲ့ရာ ၂၀၀၄ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်များ အားလုံးဆောင်ရွက်ပြီး ဖြစ်သည်ကို သိရှိရကြောင်း၊ ဝမ်းပျက်ဝမ်းလျှောကဲ့သို့ ကူးစက်ရောဂါများ ကင်းဝေးစေရေးအတွက် အမှိုက်ကင်းစင်သော ကျောင်းများဖြစ်စေရန်၊ ရေကောင်းရေသန့်ရရှိစေရန်၊ ယင်လုံအိမ်သာ သုံးစွဲနိုင်စေရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ပိုးလောက်လမ်းကင်းစင်သောကျောင်း (Larva Free School)စီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့ ကျောင်းသား၊ ကျောင်းသူများကို စိန်ခေါ်နေသည့် ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ မူးယစ်ဆေးဝါးနှင့် HIV/AIDS ရောဂါအန္တရာယ်များ ကင်းဝေးစေရေးအတွက် ဆယ်ကျော်သက်မျိုးဆက်များ ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ စံပြထူးချွန်ဆုများရရှိကြသည့် ကျောင်းများအနေဖြင့် အဆိုပါလုပ်ငန်းများကို ထူးထူးချွန်ချွန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တိုင်းအဆင့် စံပြဆုများဆွတ်ခူးနိုင်ကြခြင်းဖြစ်ကြောင်းနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အရေးပါလှသော ကျောင်းကျန်းမာရေးလုပ်ငန်းကို နိုင်ငံတော်အဆင့်မီ တိုးတက်ဖြစ်ထွန်းလာစေရန် ကျန်းမာရေးအဆင့်မြင့်ကျောင်းများ၊ စံပြထူးချွန်ကျောင်းများ ဖြစ်လာစေရန် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

စံပြထူးချွန်ဆု

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သုံးနှစ်ဆက်တိုက် တိုင်းအဆင့် ပထမဆုရရှိခဲ့ကြသော ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းနှင့် ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းတို့ကိုစံပြထူးချွန်ဆုများ ချီးမြှင့်ရာ ကျောင်းအုပ်ကြီးများက ဆုများကို လက်ခံယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက တိုင်းအဆင့်အထက်တန်း စံပြပထမဆုရရှိသော လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရရှိသောလှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ တတိယဆုရရှိသော ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ စတုတ္ထဆုရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပဉ္စမဆု ပူးတွဲရရှိကြသော တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျောက်တန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တို့ကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ဝင်းမောင်က တိုင်းအဆင့် အလယ်တန်း စံပြပထမဆုရရှိသော ဗဟန်းမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၊ ဒုတိယဆုရရှိသော ကျောက်တန်းမြို့(မြို့မ)အလယ်တန်းကျောင်း၊ တတိယဆုရရှိသော လှိုင်သာသာ မြို့နယ်အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းနှင့် စတုတ္ထဆုရရှိသော မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၀) အခြေခံပညာ အလယ်တန်းကျောင်း တို့ကိုလည်းကောင်း၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက တိုင်းအဆင့် မူလတန်းစံပြပထမဆုရရှိသော သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၊ ဒုတိယဆုရရှိသော လှိုင်သာယာမြို့နယ်အမှတ်(၃၈)အခြေခံ ပညာ မူလတန်းကျောင်း၊ တတိယဆု ရရှိသော ကျောက်တန်းမြို့(အရှေ့) အခြေခံပညာ မူလတန်းကျောင်း၊ စတုတ္ထဆု ပူးတွဲရရှိကြသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံ ပညာ မူလတန်းကျောင်းနှင့် ကျောက်တံတားမြို့နယ် အမှတ်(၆)အခြေခံပညာ မူလတန်းကျောင်းတို့ကို လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ဆုများကို လက်ခံယူကြသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာ ဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ခရိုင်အဆင့်၌ ဆုရရှိကြသော အခြေခံပညာကျောင်းများအား ဆုများချီးမြှင့်နိုင်ရန် ဆုများကို ခရိုင်ပညာရေးမှူးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ၂၀၀၄-၂၀၀၅ပညာသင်နှစ် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းစံပြ ထူးချွန်ဆုရကျောင်းများအား ဆုချီးမြှင့်စဉ်။(သတင်းစဉ်)

မော်လမြိုင်ကောလိပ်
တက္ကသိုလ်ကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၅

မော်လမြိုင်ကောလိပ် တက္ကသိုလ် ကျောင်းသူ၊ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ၃၀ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကျောင်းသူကျောင်းသားဟောင်းများ၏ မှတ်တမ်းစာအုပ်များ ထုတ်ဝေမည်ဖြစ်သည်။ မော်လမြိုင် ကောလိပ်၊ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဟောင်းများ အနေဖြင့် အမည်၊ လိပ်စာ၊ ကျောင်းစတင်တက်ရောက်ခဲ့သည့်ခုနှစ်၊ အထူးပြုဘာသာ ရပ်နှင့် ဓာတ်ပုံနှစ်ပုံတို့ကို ဦးစိုးအောင် (အခန်း-၄၊ တိုက်၈၆-၈၈) ရှမ်းလမ်း စမ်းချောင်းမြို့နယ်၊ ဖုန်း-၅၁၂၃၃၇၊ ဦးရဲမြင့်(ရောင်ခြည်ဦး) အမှတ်(၆၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်၊ ဖုန်း-၂၁၂၁၈၅တို့ထံ ဩဂုတ် ၁၆ ရက် နောက်ဆုံး ထားပေးပို့ကြရန် နှိုးဆော် ထားသည်။ (က-ပ)

အိုလံပစ်နေ့ အထိမ်းအမှတ်လက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၀၅ခုနှစ်၊ ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် လက်ဝှေ့ လေ့ကျင့်ရေးရုံတွင် ကျင်းပသည်။

ပြိုင်ပွဲ ပွဲစဉ် ကိုးပွဲ ကျင်းပပြီးနောက် အနိုင်ရရှိသည့် အားကစားသမားများအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးကြီး ဝင်းနောင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ လက်ဝှေ့ အားကစားနည်း တာဝန်ခံ နာယက ဒေါ်ခင်သန်းဝင်းနှင့် နာယကများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲသို့ လက်ဝှေ့အားကစားသမား ၁၈ဦးပါဝင်ယှဉ်ပြိုင်ပြီး မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ လက်ဝှေ့အားကစားနည်း တာဝန်ခံ နာယက ဒေါ်ခင်သန်းဝင်းနှင့် နာယကများက ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမား ၁၈ဦးအတွက် ဂုဏ်ပြုဆုငွေ ကျပ် ၉၀၀၀၀ ချီးမြှင့်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က အနိုင်ရရှိသည့် အားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ဓာတ်ပုံ-မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်)

အမှတ် ၅၉(ဒီ) ရှင်စောပုလမ်း စမ်းချောင်းမြို့နယ်နေ ဒေါက်တာ ဦးတင်ဦး - ဒေါက်တာ ခင်ဘုန်းရီ၊ သားသမီးမြေးတစ်စုကဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသိန်းရွှေ လက်ခံစဉ်။ (က-ပ)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း လေ့လာ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် နယ်စပ်ဒေသကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆီမီး၊ ပန်း၊ ရေချမ်းနှင့် အမွှေးနံ့သာတိုင်များကို ဆက်ကပ်လှူဒါန်းကြပြီး စုပေါင်းလှူဒါန်းငွေ ၄၆၂၄၆၅ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

စစ်သမိုင်းပြတိုက်လေ့လာ

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ နောက်ခံသမိုင်းကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် စုပေါင်းလှူဒါန်းငွေကျပ် ၃၆၀၆၁၀ကို လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး မင်းဓမ္မကုန်းတော်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ မွန်းလွဲပိုင်းတွင် တည်းခိုဆောင်များသို့ ပြန်လည် ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ညီလာခံကိုယ်စားလှယ်များ ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"မြတ်နိုးဖွယ်ရာ မေမြန်မာ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။ ရိုက်ကူးယှဉ်ပြိုင်ရမည့် အကြောင်းအရာမှာ တိုင်းရင်းသူ မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန်ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ (၁၀x၁၄)လက်မ တစ်မျိုးတည်း ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်ဦး ညွှန်ကြားရေးမှူး ထုတ်လုပ်ရေးဌာနခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ဦးကျော်ဇင်ဦး ဖုန်း-၃၇၁၃၄၂၊ ၃၇၁၃၄၀ နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ မန်းတက္ကသိုလ်နေမျိုးဝင်း ဖုန်း-၃၇၃၁၆၇ တို့ထံ စုံစမ်းမေးမြန်းနိုင်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အမွန်မြတ်ဆုံးလက်ဆောင်
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	Sunday Talk
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မြန်မာ့သိုင်း
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ကွင်းပြင်စမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်း လုပ်ငန်း
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	(၂၃)ကြိမ်မြောက် Sea Games အကြို တွေ့ဆုံမေးမြန်းခန်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၀း၂၀	သစ်ခွ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အချိန်တိုင်းနေရာတိုင်း (ပရိဂျူဆာမင်းဦး)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဒဂုံမြို့နယ်ရှိ တိပိဋကဓရကျောင်းတော်ကြီးတွင် တည်ဆောက်လျက်ရှိသော ကိုးထပ်ကျောင်းဆောင်သစ်ကြီးအတွက် စမ်းချောင်းမြို့နယ် ဗားကရာလမ်း အမှတ်(၁၃၄)နေ မွေးနေ့အလှူရှင် ဦးခင်မောင်ကြည်၊ ဇနီး ဒေါ်ကြင်ရွှေ မိသားစုက အလှူငွေကျပ်တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ဇွန် ၂၁ ရက်က နာယကဆရာတော် ဦးဝိနယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၅ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့်ဟူ၍ အဆင့်သုံးဆင့် ခွဲခြားပြီး ယမန်နေ့နံနက် ၉နာရီမှ ၁၁နာရီအထိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပြည်နယ်နှင့်တိုင်းမြို့ကြီးများရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ တစ်ပြိုင်တည်း ကျင်းပသည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ခေါင်းစဉ်များမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အဆင့်၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍခေါင်းစဉ်၊ အခြေခံပညာ အထက်တန်းအဆင့်၌ မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုခေါင်းစဉ်၊ အခြေခံပညာအလယ်တန်းအဆင့်၌ ယဉ်ကျေးလိမ္မာသော မြန်မာအမျိုးသမီးခေါင်းစဉ်တို့ဖြစ်သည်။

ပြိုင်ပွဲအဆင့် သုံးဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ကြသူများမှာ ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အဆင့်၌ ၅၇၀၀၊ အခြေခံပညာ အထက်တန်းအဆင့်၌ ၇၁၈၀၉ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့်၌ ၇၄၉၈၅ဦး စုစုပေါင်း ၁၅၂၄၉၄ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲအဆင့်သုံးဆင့်စလုံး၌ ပြည်နယ်နှင့်တိုင်းအလိုက် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား ဇူလိုင် ၃ရက်တွင် ပြည်နယ်နှင့်တိုင်းများ၌ ကျင်းပမည့် ၂၀၀၅ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကလည်း ကျောင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို မိမိတို့အစီအစဉ်ဖြင့် ချီးမြှင့်သွားမည် ဖြစ်သည်။

(သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၂၅

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအား ကောင်းနေပါသည်။

မိုးကြီးနိုင်

ဇွန်လ ၂၆ရက်နေ့ ညနေအထိ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

လှိုင်းအသင့်အတင့်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေ အားကောင်းမည်။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၅-၂၀၀၆ စီမံကိန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၄ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်က အဖွဲ့ဝင်(၂) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးရဲထွင်ရှိသို့ စီမံကိန်းတာဝန် ပေးအပ်လွှာ ပေးအပ်စဉ်။ (၆၁)

မူကြိုဆရာမ သင်တန်းဆင်းပွဲနှင့် စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သည့် မူကြိုဆရာမသင်တန်း အမှတ်စဉ် (၁/၂၀၀၅)သင်တန်းဆင်းပွဲနှင့် အသင်းခွဲများသို့ စာအုပ်နှင့် စာရေးကိရိယာများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အားပေးချီးမြှင့်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သည့် မူကြိုဆရာမသင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်း ဆင်းပွဲနှင့် အသင်းခွဲများသို့ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက အလှူရှင်တစ်ဦးလှူဒါန်းသော စာရေးကိရိယာများကို လက်ခံစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်ခင်အေးကြင် နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီး များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့ မှူးများနှင့် မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းခွဲ ဥက္ကဋ္ဌများ၊ သင်တန်း ဆရာမများနှင့် သင်တန်းသူများ၊ အလှူရှင်များ တက်ရောက် ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ စေတနာရှင် အလှူရှင် များက ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ် လှူဒါန်းကြရာ ဒေါက်တာအောင်လွင် (ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီ)၊ ဦးကျော်နိုင်ဦး (Naing Group ဆောက်လုပ်ရေး)နှင့်ဦးဝင်းမင်း ခိုင် (အေဒင် ဆောက်လုပ်ရေး) တို့က ငွေကျပ် ၁၀ သိန်းစီ တန်ဖိုးရှိသည့် စာအုပ်နှင့် စာရေးကိရိယာများ၊ ဦးဝင်းနိုင် (ပြည့်စုံဝင်းနိုင်ကုမ္ပဏီ)နှင့် ဦးညီညီလွင်-ဒေါ်ချောစုပြုံး(ဦးခင်မောင် တင့်နှင့်သားများကုမ္ပဏီ)တို့က ငွေကျပ် ငါးသိန်းစီတန်ဖိုးရှိ စာအုပ်နှင့် စာရေး ကိရိယာများ၊ ဦးအောင်အောင်၊ ဦးလှစိန်၊ ဒေါ်ခင်ခင်ဆွေ (အေးမြ ထရေးဒင်း)တို့က ငွေကျပ်သုံးသိန်း တန်ဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများ စုစုပေါင်းငွေကျပ် ၄၃ သိန်းတန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်း လွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှမိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းခွဲများသို့ ငွေကျပ်၃၂၀၆၀၇၀ တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများ ကို ပေးအပ်လှူဒါန်းသည်။

လက်ခံရယူ

ယင်းနောက် သင်တန်းဆင်းပွဲကို ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သင်တန်းဆင်း အမှာစကားပြောကြား ပြီး သင်တန်းတွင် ထူးချွန်စွာ အောင်မြင် ခဲ့သည့် သင်တန်းသူများအား ဂုဏ်ပြု ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက် ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာ သင်တန်း သူများကိုယ်စား သင်တန်းသူ ဒေါ်သီသီ ထွေးက လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန် ရှိသူများက သင်တန်း၌ သင်ကြားပို့ချ ပေးခဲ့သည့် ဆရာမများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြပြီး သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်သီတာမိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေး အောင်က ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ အစောင် ၃၅၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်ခင်အေးကြင်၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ခန်းမအပြင်၌ ပြသထားသည့် သင်တန်း လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် သင်တန်း သင်ထောက်ကူပစ္စည်းများကို လိုက်လံ ကြည့်ရှုကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မူကြိုဆရာမသင်တန်း အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းပွဲနှင့် အသင်းခွဲများသို့ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သင်တန်းထူးချွန်ဆု ရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက် မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဇွန်၂၉ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ယုဇနပလာဇာ ဒေစီကျော်လင်း ပွဲထိုင်ဇာဆိုင်မှ ဦးကျော်လင်း-ဒေါ်ဒေစီကျော်လင်း မိသားစုတို့က ငွေကျပ်ငါးသိန်းတန်ဖိုး ရှိ ချွဲစုပ်စက်တစ်လုံး၊ Nelulizer တစ်လုံးနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာနှင့် ရင်ခေါင်းခွဲစိတ်ကုဌာနမှ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးတို့ လက်ခံစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲများ ကျင်းပ

၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီး များနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် လမ်းမတော်မြို့နယ် အမျိုး သမီးရေးရာအဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြောင်း သိကောင်းစရာများ ဟောပြောပွဲတွင် ရန်ကုန်အနောက် ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင် အမှာစကား ပြောကြားစဉ်။ (ကြေးမုံ)

ရန်ကုန် ဇွန် ၂၅

၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ဟောပြောပွဲများကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်/မြို့နယ်များတွင် ကျင်းပလျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ အင်အား ၂၅၀ ကျော် တက်ရောက်ကြသည်။

အလားတူ ရန်ကုန်အနောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာအမျိုးသမီးများ နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လမ်းမတော်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယမန်နေ့နံနက် ၇ နာရီတွင်ကျင်းပရာ ရန်ကုန်အနောက် ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့- အဖွဲ့ဝင်များ၊ လမ်းမတော်မြို့နယ် အမျိုး သမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေး နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင် များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီနှင့်သူနာပြုတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က အဖွင့် အမှာစကားပြောကြားပြီး ခရိုင် စည်းကမ်းထိန်းသိမ်းရေး တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်းက သိကောင်းစရာများကို ဟောပြောသည်။ (သတင်းစဉ်)

သုဝဏ္ဏ(၂၉)ရပ်ကွက် ငမိုးရိပ်ဂျုံးဖြူရေပိုက်လိုင်းဖွင့်

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ်၊ ဇူလိုင်လ ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် သုဝဏ္ဏ (၂၉)ရပ်ကွက် ငမိုးရိပ်ဂျုံးဖြူရေပိုက်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့တက်ရောက်၍ မင်္ဂလာဖဲကြိုးကိုဖြတ်ကာ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့တော်ဝန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ စည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဗိုလ်မှူးကြီးကျော်စိုး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်၊ တိုင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။

မင်္ဂလာအချိန်ကျရောက်သည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ စည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်တို့က မင်္ဂလာဖဲကြိုးကိုဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

ထို့နောက် မြို့တော်ဝန်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ အိမ်ထောင်စု ၁၅၂၀ စုအတွက်အချင်းခြောက်လက်မပိုက် ၅၂၄၄ ပေ၊ အချင်းလေးလက်မပိုက် ၁၄၃၇၁ ပေ၊ အချင်းသုံးလက်မပိုက် ၁၆၀၆၈ ပေ၊ အချင်းနှစ်လက်မပိုက် ၈၅၅၁ ပေ၊ စုစုပေါင်းပိုက်အရှည် ၄၄၂၃၄ ပေဖြင့် ဆက်သွယ်ထားရှိမှု၊ ရေရရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ပြည်သူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် အမက (၁၆)၌ ငမိုးရိပ်၊ ဂျုံးဖြူရေဖွင့်ပွဲ ကျေးဇူးတင်ဝမ်းမြောက်သည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားများပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးခင်ဝေက မြို့နယ်အတွင်း သောက်သုံးရေရရှိစေရန် ဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်း၊ ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးဝင်းက ငမိုးရိပ် ဂျုံးဖြူရေပိုက်သွယ်ယူတပ်ဆင်ရမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၁၁၄၃ စောင်ပေးအပ်ရာ ရန်ကုန်တိုင်း တာဝန်ခံ၊ မြို့တော်ဝန်က အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင် ပါက မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်သည်။ (၁၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၆–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် –သခ်ၤတမှ အသခ်ၤတသို့**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် – "Major Methods of Social Psychological Research. (ဒုတိယနှစ်–စိတ်ပညာ)**
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ကြမ္မာ" (အပိုင်း–၃၆)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း–၂၂)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅–၆–၂၀၀၅)

စစ်တွေ	၄	ဒသမ	၉၂	လက်မ
ခန္တီး	၄	ဒသမ	၈၀	လက်မ
ဝ	၄	ဒသမ	၇၂	လက်မ
ကျောက်ဖြူ	၄	ဒသမ	၄၁	လက်မ
သံတွဲ	၄	ဒသမ	၁၃	လက်မ
မောင်တော	၄	ဒသမ	၀၂	လက်မ
မော်လမြိုင်	၂	ဒသမ	၀၄	လက်မ

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်–

* **ပန်းနာရင်ကျပ်ရောဂါ**
* **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
* **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
* **သွေးတိုးရောဂါ**
* **နှလုံးရောဂါ**
* **နှလုံးခုန်စေခြင်း**
* **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
* **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၀၅ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ကြီးမှူးကျင်းပသော လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှေ့၌ ကျင်းပသည်။

တာဝေးအပြေးပြိုင်ပွဲ

ထို့အပြင် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် (၁၀)ကီလိုမီတာတာဝေးအပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသည်။

လွန်ဆွဲပြိုင်ပွဲ

ထို့အတူ အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က အမျိုးသား အမျိုးသမီးလွန်ဆွဲပြိုင်ပွဲကို ကျင်းပကြောင်း သိရသည်။ (ကြေးမုံ)

ဇွန် ၂၅ရက်က ၂၀၀၅ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲ၌ ဆုရသူတစ်ဦးအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် (စက်ဘီးအားကစား နည်းတာဝန်ခံ) နာယကဒေါ်ကျင်ခိုင် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)



၂၀၀၅ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို သုဝဏ္ဏ လက်ဝှေ့လေ့ကျင့်ရေးရုံတွင်ကျင်းပရာ (၃၃)ကီလိုတန်း သက်ငယ်တန်း အမျိုးသားပြိုင်ပွဲတွင် အောင်မြတ်(သမန်းကျား)၏လက်သီးထိုးချက်ကို အောင်ကိုကို(အား/ကာသိပ္ပံ)က ရှောင်ပြီး ထောက်လက်သီး ပစ်သွင်းစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်လျော့နည်းကျဆင်း တားဆီးနှိမ်နင်းရေးအဖွဲ့များက ဘိန်းနှင့်ဘိန်းဖြူများ ပိုမိုဖမ်းဆီးနိုင်ခဲ့ နိုင်ငံဖြတ်ကျော်ဂိုဏ်းပွဲ၍ မူးယစ်ဆေးဝါးဖြစ်မှု ကျူးလွန်သူများကို ပြည်ပနိုင်ငံများတွင် ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံ၌ တရားစွဲဆိုနိုင်ခဲ့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာ–

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည် ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း အသီးသီးတွင်လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ကျင်းပစဉ်။

ချိန်ခါမရွေး နယ်ချဲ့ဆေး

❒ ဘိန်းသမိုင်းကြောင်း၊ ကောင်းကောင်းသေချာ
သိချင်တာမို့၊ ပြောပြပါလားအဖေရယ်။

❒ အံမယ်–ငါ့သား၊ ထူးထူးခြားခြား
ဘိန်းတရားကို၊ နာကြားချင်တယ်
တကယ်ပဲလား၊ ငါ့သားရဲ့။

❒ တကယ်ပါအဖေ၊ လေလှိုင်းတွေမှာ
ဘိန်းပါလာတိုင်း၊ မြန်မာကိုပဲ
ဘိန်းနဲ့တွဲကာ၊ ပြောနေတာမို့
သေချာဖွေသား၊ သိထားချင်တာ အမှန်ပါ။

❒ မူးယစ်ဆေးဝါး၊ ဘိန်းတရားကို
ငါ့သားတကယ်၊ ကြားချင်တယ်ဆို
တိုတိုရှင်းရှင်း၊ ခပ်ဘွင်းဘွင်းပဲ
လိုရင်းအဖေ ပြောပြမယ်။

❒ ဒီမယ် ငါ့သား၊ မင်းမှတ်ထားကွ
မြန်မာ့မြေပြင်
ရှေးယခင်က၊ ဘိန်းပင်မရှိ
သူ့ဇာတိက၊ အနောက်ကပေါ့။

❒ နောက်တော့ဒို့မြေ၊ ဘိန်းတွေသယ်လာ
နယ်ချဲ့ပါကွဲ့၊ မြန်မာပြည်သား
ဘိန်းစားတွေဖြစ်၊ ကျွန်အဖြစ်နဲ့
နှံနစ်ရှည်ကြာ၊ ရှိဖို့ရာပေါ့။

❒ ခုကျတော့လဲ၊ ပြန်စွပ်စွဲနေ
ဘိန်းတွေစိုက်တာ၊ ဒို့မြန်မာတဲ့
အဲဒါမှတ်ထား၊ ဘိန်းတရားပဲ။

❒ ငါ့သားစိတ်မှာ၊ ဘိန်းဆိုတာဟာ
ချိန်ခါမရွေး၊ နယ်ချဲ့ဆေးလို့
မှတ်တေးလိုက်ပါ ငါ့သားရာ။ ။

ဖိုးဝ

[အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၆-၆-၂၀၀၅) ကို ဂုဏ်ပြုလျက်...]

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug
Abuse and Illicit Trafficking
26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value Yourself ---make healthy choices